
မင်မင်းဆက်မှ ယန္တရားပညာရှင်
စာစဉ်-၆
Translator-Zero

# အခန်း ၅၁
# ရာထူးလက်ခံခြင်းနှင့် တာဝန်လွှဲပြောင်းခြင်း

*

တပ်မှူးကြီး ယိုဟွာချောင်အတွက် တပ်မှူးငယ်တစ်ယောက်ကို အလွယ်တကူ ဖိနှိပ်နိုင်စွမ်းရှိသော်လည်း တစ်ဖက်လူက ဘုရင်ခံမင်းကြီး၏ လူယုံတော်ဖြစ်နေပါက အခြေအနေက လုံးဝတစ်မူထူးခြားသွားပေမည်။ ဘုရင်ခံမင်းကြီး၏ လူယုံတော်တစ်ယောက်က တပ်မှူးငယ်ရာထူးဖြင့် ဆင်းလာခြင်းမှာ အတွေ့အကြုံယူရန်သက်သက်သာဖြစ်ပြီး အနေးနှင့်အမြန် ရာထူးတိုးမြှင့်ခံရမည့်သူ ဖြစ်သည်။ အနည်းငယ်မျှ စော်ကားမိပါက ဘုရင်ခံမင်းကြီး၏

မိုးကြိုးပစ်ချသကဲ့သို့ ပြင်းထန်သော တန်ပြန်တိုက်ခိုက်မှုများကို ဖိတ်ခေါ်သလိုဖြစ်သွားနိုင်သည်။ ယိုဟွာချောင်ကဲ့သို့သော သူက ဤသို့သောပုဂ္ဂိုလ်မျိုးကို မျက်နှာချိုသွေးရန်သာ အလောတကြီးကြိုးစားမည်ဖြစ်ရာ မည်သို့လုပ်၍ မောက်မာရဲမည်နည်း။

"ကျွန်တော်မျိုး လီကျစ် ပါခင်ဗျာ"

လီကျစ်က ဒူးထောက်အရိုအသေပေးရန် ပြင်လိုက်သော်လည်း ယိုဟွာချောင်က လက်ဦးမှုရယူကာ တားဆီးလိုက်သည်။

"ငါက ယိုဟွာချောင် ပါ..."

ယိုဟွာချောင်သည် လီကျစ်ရှေ့တွင် အထက်လူကြီးတစ်ဦး၏ မောက်မာသော အမူအရာများကို လုံးဝမပြသတော့ပေ။ သူက ရှေ့သို့တစ်လှမ်းတိုးကာ လီကျစ်၏လက်ကို ဆုပ်ကိုင်လျက် နွေးထွေးစွာဖြင့်...

"တပ်မှူးငယ်က သိပ်ကို ငယ်ရွယ်သေးတာပဲ။ ဒီအစ်ကိုကြီးက ညီလေးကို ညီတော်မောင် လို့ပဲ ခေါ်ပါရစေ။ ညီတော်မောင်... အထဲကို ကြွပါဦး"

လူငယ်တစ်ဦးဖြစ်သော လီကျစ်မှာ ယိုဟွာချောင်၏ ရုတ်ခြည်းပြောင်းလဲသွားသော အမူအရာကိုမြင်ပြီးနောက် အနည်းငယ် အနေခက်သွားသည်။ သူက ချောင်းတစ်ချက်ဟန့်လိုက်ပြီး ယိုဟွာချောင်၏ ဆုပ်ကိုင်မှုထဲမှ သူ့လက်ကို သိမ်မွေ့စွာရုပ်သိမ်းလိုက်ကာ...

"အထက်လူကြီးမင်း... ဒါက တွေ့ဆုံခြင်း အထိမ်းအမှတ်အနေနဲ့ ကျွန်တော်မျိုးရဲ့ စေတနာ အနည်းငယ်ပါခင်ဗျာ" ဟု ခပ်အေးအေးပင် ပြောလိုက်သည်။

ယိုဟွာချောင်မှာ အံ့အားသင့်သွားပြီးနောက် လီကျစ်၏ ကိုယ်ရံတော်များ သယ်ဆောင်လာသော သေတ္တာများနှင့် ပစ္စည်းများကို သတိပြုမိသွား

သည်။

လီကျစ်၏ ကိုယ်ရံတော်များသည် ရှေ့သို့အမြန်တက်လာကာ သေတ္တာများကိုဖွင့်၍ အတွင်းရှိပိုးထည်များနှင့် ဂျင်ဆင်းများကို ယိုဟွာချောင်အား ပြသလိုက်ကြသည်။ ဤမျှ ရက်ရောသောလက်ဆောင်များကိုမြင်သောအခါ ယိုဟွာချောင်၏အပြုံးမှာ ပိုမိုအသက်ဝင်သွားပြီး တဟားဟား ရယ်မောကာ လီကျစ်ကို အလွန်ရင်းနှီးဖော်ရွေသောအကြည့်ဖြင့် ကြည့်လိုက်သည်။ ထို့နောက် အသံကျယ်ကျယ်ဖြင့်...

"ညီတော်မောင်က တကယ်ကိုသဘောထားကြီးလွန်းပါတယ်။ သိပ်ကို အားနာစရာကောင်းလှပါလား"

သူက လက်ဝှေ့ယမ်းကာ သူ့အစေခံများကိုလက်ဆောင်များသိမ်းယူရန် အမိန့်ပေးလိုက်ပြီးနောက် လီကျစ်အား အထဲသို့ဝင်ရန် လက်ဟန်

ဖြင့်ပြကာ…

"ညီတော်မောင်… အထဲကို ကြွပါဦး"

ယိုဟွာချောင်၏ အမူအရာကိုကြည့်ပြီးနောက် သူသည် လာဘ်စားတတ်ပြီး ငွေဂုဏ် အာဏာဂုဏ်ကိုသာ မက်မောသော အမတ်တစ်ဦးသာ ဖြစ်ကြောင်း လီကျစ် ရိပ်မိသွားသဖြင့် မိတ်ဆွေဖွဲ့လိုစိတ် ကုန်ဆုံးသွားသည်။ လီကျစ်သည် တပ်မှူးကြီးရုံးတော်အတွင်းသို့ဝင်ကာ အကျိုးမရှိသော စကားများ မပြောဆိုလိုတော့သဖြင့်…

"ကျွန်တော်မျိုးမှာ အရေးတကြီး ဖြေရှင်းစရာကိစ္စလေးတွေ ရှိနေသေးလို့ အထက်လူကြီးမင်းကို မနှောင့်ယှက်တော့ပါဘူး။ နောက်နေ့မှ လက်ဆောင်တွေထပ်ပြင်ဆင်ပြီး အထက်လူကြီးမင်းဆီကို လာရောက် ဂါရဝပြုပါ့မယ် ခင်ဗျာ"

လီကျစ်၏ စကားကို ကြားသောအခါ ယိုဟွာ

ချောင်မှာ အနည်းငယ်စိတ်ပျက်သွားသည်။ သူက လီကျစ်ကို ညှော်ဝတ်ကျေပွန်စွာပြုစုပြီး မိတ်ဆွေဖွဲ့ကာ လီကျစ်၏ အနာဂတ် ရာထူးတိုးတက်မှုများမှ အကျိုးအမြတ်ရယူရန် မျှော်လင့်ထားခြင်းဖြစ်သည်။ သို့သော် လီကျစ်မှာ ဘုရင်ခံမင်းကြီး၏ လူယုံတော်ဖြစ်ပြီး အနာဂတ်တွင် အမတ်ကြီးဖြစ်လာမည့်သူ မဟုတ်ပါလား။ ကျင့်ဟိုင်တပ်ဖွဲ့မှ သာမန် နယ်ခြားစောင့်အမတ်တပ်မှူးကြီးတစ်ယောက်နှင့် စကားစမြည်ပြောရန် သူက ဘယ်မှာ အချိန်ရပါမည်နည်း။ ဤမျှရက်ရောသောလက်ဆောင်ကို ပေးပို့ခြင်းကပင် သူ့ကို မျက်နှာသာ အလုံအလောက်ပေးပြီးသားဖြစ်နေပြီဖြစ်သည်။ ထို့ကြောင့် လီကျစ်က ပြန်တော့မည်ဟု ပြောသောအခါ ယိုဟွာချောင်မှာ အံ့ဩခြင်းမရှိဘဲ ပို၍ပင်အားတက်သရော ပြန်လည်ဖြေကြားလိုက်သည်။

"ကိစ္စမရှိပါဘူး... ညီတော်မောင် နောက်တစ်ခေါက် လာလည်မယ့်အချိန်ကို ဒီအစ်ကိုကြီး စောင့်နေပါ့မယ်" ဟု ပြောပြီးနောက် ခေတ္တရပ်ကာ ယိုဟွာချောင်က ဆက်၍...

"အကယ်၍ ညီတော်မောင်အနေနဲ့ ဖန့်ကျားရွာမှာ အခက်အခဲတစ်ခုခုကြုံလာလို့ ဒီအစ်ကိုကြီးရဲ့ အကူအညီလိုတယ်ဆိုရင် အချိန်မရွေးသာပြောလိုက်ပါ"

ထိုသို့ပြောပြီးနောက် သူသည် လီကျစ်ကို နှုတ်ဆက်ပို့ဆောင်ရန် အသင့်အနေအထားဖြင့် ရပ်နေလေသည်။

ဘုရင်ခံမင်းကြီး၏ အဖိုးတန်စီးတော်မြင်းကြီးမှာ တကယ်ပင်အသုံးဝင်လှပြီး သူ့အထက်လူကြီးအား ချက်ချင်းပင်ကိုင်တွယ်နိုင်ရန် ကူညီပေးခဲ့သည်ဟု လီကျစ် စိတ်ထဲမှ တွေးလိုက်မိသည်။ ယိုဟွာချောင်မှာ အထက်လူကြီး

တစ်ဦးနှင့် လုံးဝမတူဘဲ လီကျစ်၏ လက်အောက်ငယ်သားတစ်ဦးနှင့်ပင် တူနေတော့သည်။ လီကျစ်က ပြုံးရယ်လိုက်ပြီး ထပ်မံအချိန်ဆွဲမနေတော့ဘဲ သူ၏ ကိုယ်ရံတော်များနှင့်အတူ မြင်းပေါ်တက်ကာ ဖန့်ကျားရွာဆီသို့ ဦးတည်စိုင်းနှင်သွားလေသည်။

ယွင်ဖန့်လီမှ လီကျစ်၏ ဖန့်ကျားရွာသို့ လီနှစ်ဆယ်မျှသာ ကွာဝေးသည်။ လီကျစ်သည် မြင်းကို နာရီဝက်ကျော်ခန့် စီးနင်းပြီးနောက် ဖန့်ကျားရွာသို့ ရောက်ရှိသွားသည်။

ဖန့်ကျားရွာသည် ဟိုင်မြစ်နှင့် နှစ်လီခန့်သာ ကွာဝေးသည်။ ရွာမှာ မကြီးမားလှဘဲ အရှေ့အနောက် ကိုက်သုံးဆယ် တောင်မြောက် ကိုက်တစ်ရာ့လေးဆယ်ခန့်ရှိပြီး ရှည်လျားကျဉ်းမြောင်းကာ ရွာရိုးတံတိုင်းကာရံထားသည်။

တံတိုင်းမှာ ပေ ၂၀ ခန့်မြင့်ပြီး အုတ်များဖြင့်

တည်ဆောက်ထားခြင်းမဟုတ်ဘဲ တောင်ဘက်တွင် တံခါးတစ်ပေါက်သာရှိသည်။ လီကျစ်သည် သတင်းပို့ရန်အတွက် ကိုယ်ရံတော်နှစ်ဦးကို ကြိုတင်စေလွှတ်ထားပြီးဖြစ်သည်။ လီကျစ် ရွာတံခါးဝသို့ ရောက်ရှိချိန်တွင် အမတ်ကြီးငယ် ခုနစ်ဦး ရှစ်ဦးခန့်မှာ သူ့ကို ကြိုဆိုရန် ရပ်စောင့်နေကြပြီဖြစ်သည်။

လီကျစ် ရွာတံခါးအတွင်းသို့ ဝင်ရောက်လာသောအခါ ထိုလူများက ရှုပ်ထွေးဆူညံစွာဖြင့် အော်ဟစ်နှုတ်ဆက်ကြသည်။

"တပ်မှူးငယ်မင်းကို ဂါရဝပြုပါတယ် ခင်ဗျာ"

"မင်္ဂလာပါ တပ်မှူးငယ်မင်း"

အဆင့် (၇) အမတ်ငယ်နှစ်ဦးက ဦးဆောင်ကာ ထိုလူများသည် လီကျစ်အား အားတက်သရော ဆီးကြိုနှုတ်ဆက်ကြသည်။ လီကျစ်က ခေါင်းညိတ်ပြပြီး ကြိုဆိုနေသောအမတ်များနှင့်

အတူ ဖန့်ကျားရွာအတွင်းသို့ မြင်းစီး၍ ဝင်ရောက်လာခဲ့သည်။

ဖန့်ကျားရွာအတွင်းရှိ အခြေအနေများကိုမြင်လိုက်ရသောအခါ လီကျစ် အလွန်အမင်းစိတ်ပျက်သွားမိသည်။

ရွာမှာ အလွန်ပင်ယိုယွင်းပျက်စီးနေသည်။ လမ်းမငယ်၏ တစ်ဖက်တစ်ချက်စီတွင် အမှိုက်ပုံများနှင့် မစင်များ နေရာအနှံ့ ပုံနေသည်။ နွေရာသီဖြစ်၍ အပူချိန်မြင့်မားသဖြင့် ရွာတစ်ရွာလုံးမှာ မခံမရပ်နိုင်လောက်အောင် အနံ့အသက်များဆိုးရွားနေသည်။ ရွာအတွင်းရှိ အိမ်လွတ်များစွာမှာ လူမနေဘဲ ပြုပြင်ထိန်းသိမ်းမှုမရှိသဖြင့် ခေါင်မိုးစွန်းများကျိုးပဲ့ကာ အမိုးကြွေပြားများ ကွာကျနေပြီး အခန်းများအတွင်း မြက်ပင်များပင်ပေါက်ရောက်နေသည်။ ဤအိမ်လွတ်များမှာ ထွက်ပြေးသွားကြသော အမှုထမ်း

မိသားစုများ၏ အိမ်များဖြစ်မည်ဟု လီကျစ် ခန့်မှန်းလိုက်သည်။ ရွာထဲတွင် ကျွဲနွား သို့မဟုတ် မြင်းများကို မတွေ့ရသလောက်ပင် ဖြစ်ပြီး ကျန်ရှိနေသော အမှုထမ်းမိသားစု အနည်းငယ်မှာလည်း အလွန်ဆင်းရဲနွမ်းပါးလှ သည်။ တစ်ဦးချင်းစီမှာ ပိန်ချုံးနေပြီး စုတ်ပြတ် နေသော အင်္ကျီတိုများကိုဝတ်ဆင်ကာ ညစ်ပတ် နေသော လမ်းဘေးတစ်ဖက်တစ်ချက်တွင် ရပ် လျက် အသစ်ရောက်လာသော လီကျစ်ကို ကြောင်တောင်တောင်အမူအရာများဖြင့် ကြည့် နေကြသည်။

ဤအမှုထမ်းများနှင့် နှိုင်းယှဉ်ပါက လီကျစ်၏ ကိုယ်ရံတော်ဆယ်ဦးမှာ အလွန်ပင် သွက်လက် တက်ကြွပြီး အသက်ဝင်နေပုံပေါ်သည်။

လီကျစ်သည် ရွာအလယ်ရှိ တပ်မှူးငယ်ရုံး တော်သို့ရောက်သည်အထိ မြင်းစီးလာပြီးမှ

ဆင်းလိုက်သည်။ ရုံးတော်၏ ညှိခန်းမဆောင်အတွင်း၌ လီကျစ်သည် တာဝန်လွှဲပြောင်းပေးမည့် တပ်မှူးငယ်ဟောင်းနှင့် တွေ့ဆုံခဲ့သည်။

တပ်မှူးငယ်ဟောင်း ယန်ယွဲ့ မှာ အသက်သုံးဆယ်ကျော်အရွယ်ရှိပြီး... လျှိုဟယ်လီ သို့ တူညီသောရာထူးဖြင့် ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရမည်ဖြစ်ရာ လီကျစ် လာရောက်လွှဲပြောင်းယူမည့်အချိန်ကို စောင့်ဆိုင်းနေခြင်းဖြစ်သည်။ သူသည် လီကျစ်နှင့် ယဉ်ကျေးမှုအရ အနည်းငယ်နှုတ်ဆက်စကားပြောပြီးနောက် ဖန့်ကျားရွာ၏အဝါရောင်မှတ်တမ်း စာရင်းအင်းစာအုပ်များကိုလီကျစ်ထံ လွှဲပြောင်းပေးအပ်ခဲ့သည်။ ထို့နောက်လီကျစ်ကို လက်နက်တိုက်များနှင့် စပါးကျီများကို လိုက်လံစစ်ဆေးပြသလေသည်။

"ရွာမှာ လက်မှုပညာသည်တွေနဲ့ အမှုထမ်းမိသားစုတွေအပါအဝင် အိမ်ခြေစုစုပေါင်း

ခြောက်ဆယ့်တစ်အိမ်ရှိပြီး လူဦးရေကတော့ သုံးရာ့ခုနစ်ဆယ့်တစ်ယောက်ရှိပါတယ်။ အဲဒီအထဲမှာ အမျိုးသား နှစ်ရာ့တစ်ဆယ့်တစ်ယောက်ရှိပြီး လူကြီး တစ်ရာ့ငါးဆယ့်ခုနစ်ယောက်နဲ့ ကလေး ငါးဆယ့်လေးယောက် ပါဝင်ပါတယ်။ အမျိုးသမီးကတော့ တစ်ရာ့ခြောက်ဆယ်ရှိပြီး လူကြီး တစ်ရာ့လေးယောက်နဲ့ မိန်းကလေးငယ်ငါးဆယ့်ခြောက်ယောက် ပါဝင်ပါတယ်"

လီကျစ်သည် လမ်းတစ်လျှောက်လုံးနားထောင်လာခဲ့ပြီး အဝါရောင်မှတ်တမ်းစာအုပ်များကို လက်ခံရယူလိုက်သည်။ ထို့နောက် ယန်ယွဲ့က လီကျစ်ကို လေ့ကျင့်ရေးကွင်းသို့ ခေါ်ဆောင်သွားကာ ရှာစောင့်တပ်သားများကို စစ်ဆေးစေသည်။

ယန်ယွဲ့က အမတ်ငယ်များနှင့် အကြပ်များကို ရှာစောင့်တပ်သားများအား သီးခြားစီ

သွားရောက်ခေါ်ယူခိုင်းလိုက်ပြီး သူနှင့် လီကျစ်ကမူ လေ့ကျင့်ရေးကွင်းဘေးရှိ အခန်းလွတ်တစ်ခုအတွင်း စောင့်ဆိုင်းနေကြသည်။ အစပိုင်းတွင် ယန်ယွဲ့က အဘယ်ကြောင့် ဤယိုယွင်းနေသော အခန်းအတွင်း ပုန်းကွယ်နေရသနည်းကို လီကျစ် နားမလည်ခဲ့ပေ။ သို့သော် နာရီဝက်ခန့် ရပ်စောင့်ပြီးနောက်မှသာ လီကျစ် နားလည်သွားတော့သည်။ အပြင်ဘက်တွင် နေပူရှိန်အလွန်ပြင်းထန်လှရာ အခန်းအတွင်း မစောင့်ဆိုင်းပါက အပူလျှပ်သွားနိုင်သောကြောင့်ဖြစ်သည်။

လီကျစ်သည် လေဝင်လေထွက်မကောင်းသော ယိုယွင်းနေသည့်အခန်းအတွင်း ချွေးသံတရွှဲရွှဲဖြင့် စောင့်ဆိုင်းနေရပြီး အတော်ကြာမှသာ ရွာစောင့်တပ်သားများ ဖြည်းဖြည်းချင်း စုဝေးရောက်ရှိလာကြသည်။

ရွာစောင့်တပ်သားများသည် စုတ်ပြတ်နေသော

အဝတ်အစားများကို ဝတ်ဆင်ထားကြပြီး သံချေးတက်နေသော ဓားများ၊ ခုတ်ဓားများနှင့် လှံရှည်များကို ကိုင်ဆောင်ထားကြသည်။ လီကျစ် တစ်ချက်အကဲခတ်ကြည့်လိုက်ရာ တပ်သားသုံးဆယ်ပင် ပြည့်အောင်မရောက်လာကြောင်း တွေ့လိုက်ရသည်။ ထို့ပြင် အများစုမှာ အိုမင်း၊ အားနည်း၊ ဖျားနာ၊ သို့မဟုတ် မသန်မစွမ်းသူများဖြစ်ကြပြီး တိုက်ခိုက်ရေးစွမ်းရည် လုံးဝမရှိကြပေ။

လူအရေအတွက်ပြည့်စေရန်အတွက် အမှုထမ်းမိသားစုများထဲမှ အတင်းအဓမ္မ စုဆောင်းထားခြင်းဖြစ်ကြောင်း သိသာလှသည်။ ဤဟန်ပြတပ်သားအများစုမှာ စစ်ဘက်ဆိုင်ရာ လစာငွေကိုပင် ရရှိလိမ့်မည်မဟုတ်ရာ လူစုရန်ခေါ်သည့်အခါ အချိန်ဆွဲနေကြခြင်းမှာလည်း အံ့သြစရာမရှိပေ။

အမတ်ငယ်နှစ်ဦးကမူ အနည်းငယ်ပိုမို ကောင်းမွန်သော အဝတ်အစားများကို ဝတ်ဆင်ထားပြီး တပ်ဖွဲ့၏အရှေ့ဆုံးတွင်ရပ်နေကြသည်။ သို့သော် ဤအမတ်နှစ်ဦးမှာလည်း သိုင်းပညာကို လေ့ကျင့်ပုံမရပေ။ အစာအာဟာရ အနည်းငယ် ပိုပြည့်ဝသဖြင့် ပိန်ချုံးမနေခြင်းမျှသာရှိသည်။

ရွာအတွင်းရှိ တစ်ခုတည်းသော တိုက်ပွဲဝင်နိုင်သည့်အင်အားစုမှာ ယန်ယွဲ့၏ ကိုယ်ရံတော်ခြောက်ဦးသာဖြစ်ပေလိမ့်မည်။ သို့သော် ထိုကိုယ်ရံတော်များမှာ ယန်ယွဲ့၏ ကိုယ်ပိုင်လက်နက်ကိုင်တပ်ဖွဲ့ဖြစ်ပြီး ရွာစောင့်တပ်သားများတွင် အကျုံးမဝင်ပေ။

လီကျစ်သည် အဝါရောင်မှတ်တမ်းစာအုပ်ကို လှန်လှောကြည့်ရင်း ယန်ယွဲ့အား မေးလိုက်သည်။

"စာရင်းထဲမှာ ရှာစောင့်တပ်သား ငါးဆယ့်ခုနစ်ယောက် ရှိတယ်ဆိုထားတာ မဟုတ်ဘူးလား"

ယန်ယွဲ့က မျက်လုံးပြူးကြည့်လိုက်ပြီး သိသာထင်ရှားနေသည့်ကိစ္စကို မေးရမည်လားဟု လီကျစ်ကို စိတ်ထဲမှ ကျိန်ဆဲလိုက်ပုံရသည်။ ထို့နောက်...

"ထွက်ပြေးသွားတဲ့သူတွေ ရှိတယ်လေ..."

လီကျစ်က စိတ်ထဲမှရေရွတ်လိုက်မိသည်။ အကယ်၍ ပိုလျှံနေသည့် အမှုထမ်းများကိုပါ အတင်းအဓမ္မ စုဆောင်းထားသည်တောင်မှ လူသုံးဆယ်ပင်မပြည့်ပါက တကယ့်လက်တွေ့ထွက်ပြေးမှု အခြေအနေမှာ မည်မျှပင်ဆိုးရွားနေမည်နည်း။ လီကျစ်သည် ယန်ယွဲ့ကို ထပ်မံ၍ တစ်ချက်အကဲခတ်လိုက်သည်။ လူအရေအတွက်ပြည့်စေရန် ဟန်ပြတပ်သားများကိုသာ

စုဆောင်းထားသော ဤအမတ်သည် မရှိသော တပ်သားများအတွက် လစာငွေများကို အလွဲသုံးစားလုပ်ထားသည်မှာ သေချာလှသည်။ ထန်းကျင်းတပ်မဟာမှ စခန်းစောင့်တပ်သား တစ်ဦး၏ လစဉ်လစာမှာ ငွေနှစ်သျှူးဖြစ်ရာ ယန်ယွဲ့တစ်ယောက်တည်းပင်လျှင် မရှိသော တပ်သားများ၏ လစာများမှ တစ်လလျှင် ငွေ သျှူး ဆယ်နှင့်ချီ၍ အလွဲသုံးစားလုပ်နေပေလိမ့်မည်။

သို့သော်လည်း ယန်ယွဲ့တစ်ယောက်တည်းသော ဤလစာများကို အလွဲသုံးစားလုပ်နေခြင်း မဟုတ်ဘဲ ယန်ယွဲ့၏ အထက်လူကြီးများကပါ ရန်ပုံငွေများထဲမှ ဖြတ်တောက်ယူငင်ကြမည်ဖြစ်ရာ ယန်ယွဲ့မှာ ထင်သလောက်များများစားစား အလွဲသုံးစားလုပ်နိုင်မည် မဟုတ်ကြောင်း လီကျစ် တွေးမိလိုက်သည်။ ထို့ပြင် သူက သူ့

ကိုယ်ရံတော်များကိုလည်း ကျွေးမွေးစောင့်ရှောက်ရသေးသည်။ ဤသည်ကိုတွေးမိပြီးနောက် လီကျစ်က ယန်ယွဲ့အား မေးလိုက်သည်။

"ထုတ်ပေးလိုက်တဲ့ လစဉ်လစာထဲက ဘယ်လောက်က တပ်သားတွေရဲ့လက်ထဲကို တကယ်ရောက်သလဲ"

ယန်ယွဲ့မှာ လီကျစ်၏ အကဲစမ်းသောမေးခွန်းများကြောင့် အလွန်အမင်း မကျေမနပ်ဖြစ်သွားဟန်ဖြင့် နှာခေါင်းရှုံ့ကာ...

"လစာထုတ်တဲ့အချိန်ကျရင် မင်း သိလာမှာပေါ့..." ဟု ပြန်ဖြေလိုက်သည်။

သူ၏ အမူအရာကိုမြင်သောအခါ လီကျစ်ဆက်၍ မမေးတော့ပေ။

တာဝန်လွှဲပြောင်းမှု ပြီးဆုံးသွားသောအခါ ယန်ယွဲ့သည် လက်ခုပ်တီးလိုက်ပြီး သူ၏

ကိုယ်ရံတော်များနှင့်အတူ မြင်းစီး၍ ထွက်ခွာသွားလေတော့သည်။

***